မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ပေါက်ခေါင်းမြို့
အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချသည့်လေလံကြော်ငြာစာ
ကြော်ငြာစာအမှတ် (၁/၂၀၂၄)
ရက်စွဲ၊၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ၇ ရက်
၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်

၁။ ပေါက်ခေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်အတွက် ပူးတွဲဖော်ပြပါအရပ်ရပ်အခွင့်အရေးလိုင်စင်များအား သက်တမ်းတိုးစနစ်/ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဖွဲ့မှသတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီသူမည်သူမဆို အောက်ပါအစီအစဉ်အတိုင်း လာရောက်၍ ဆွဲဝယ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ရောင်းချမည့် အစီအစဉ် | ရောင်းချမည့် နေ့ရက်/အချိန် | လျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် နေ့ရက်/အချိန် | လေလံရောင်းချမည့် နေရာ |
|---|---|---|---|---|
| ၁ | ပထမအကြိမ် | ၁၆-၁-၂၀၂၄ (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီ | ၁၅-၁-၂၀၂၄ (တနင်္လာနေ့) ညနေ(၁၆း၀၀) | မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး ပေါက်ခေါင်းမြို့ |
| ၂ | ဒုတိယအကြိမ် | ၂၃-၁-၂၀၂၄ (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီ | ၂၂-၁-၂၀၂၄ (တနင်္လာနေ့) ညနေ(၁၆း၀၀) | မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး ပေါက်ခေါင်းမြို့ |
| ၃ | တတိယအကြိမ် | ၃၀-၁-၂၀၂၄ (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီ | ၂၉-၁-၂၀၂၄ (တနင်္လာနေ့) ညနေ(၁၆း၀၀) | မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး ပေါက်ခေါင်းမြို့ |
| ၄ | ချိတ်ပိတ်တင်ဒါ | ၈-၂-၂၀၂၄ (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီ | ၇-၂-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ(၁၆း၀၀) | မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး ပေါက်ခေါင်းမြို့ |
| ၅ | အခြားနည်း | ၁၅-၂-၂၀၂၄ (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီ | ၁၄-၂-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ(၁၆း၀၀) | မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး ပေါက်ခေါင်းမြို့ |

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်နောက်ကျမှတင်သွင်းလာသောလျှောက်လွှာများအား မည်သည့်အကြောင်းနှင့်မျှလက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပေါက်ခေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရောင်းချမည်ဖြစ်သော အခွင့်အရေးလိုင်စင်များအတွက် ကြိုတင် တင်သွင်းထားရှိရမည့် သတ်မှတ်ထားသော စားပွဲတင်အာမခံငွေများကို သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း နောက်ဆုံးထား၍ လိုင်စင်ဆွဲဝယ်သူမှ ပေါက်ခေါင်းမြို့မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပုဂ္ဂလိကစာရင်းရှင် အပ်ငွေဖွင့်လှစ်၍ စားပွဲတင်အာမခံငွေအဖြစ် ပေးသွင်းရမည့် ငွေရပ်ပါအတိုင်း အမှုဆောင်အရာရှိ ရာထူးအမည်ဖြင့် ရေးသားထားသော ငွေထုတ်ယူခွင့်အမိန့် ( P.O.P )( Payment Order Private )ကို လေလံလျှောက်လွှာနှင့်အတူ စားပွဲတင်အာမခံငွေတင်သွင်းမှု အထောက်အထားဖြင့်တင်ပြရမည်။နောက်ကျတင်သွင်းသည့် လျှောက်လွှာနှင့် စားပွဲတင်အာမခံငွေ ( P.O.P ) ( Payment Order Private )များအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ လိုင်စင်ကြေးကျပ်(၂၀)သိန်းအောက်ဖြစ်ပါက အကြေပေးသွင်းရမည်။

၆။ လေလံမအောင်မြင်သူများ၏ အာမခံအပ်ငွေများကို လေလံပွဲပြီးဆုံးပြီး(၁၀)ရက်ကြာမှ ပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး၊ လေလံအောင်မြင်သူများ၏ ၎င်းအာမခံအပ်ငွေများကို လေလံစည်းကမ်းနှင့်အညီ ပေးသွင်းရမည့်လေလံကြေးမှခုနှိမ်၍ အာမခံ (၁၀ ပုံ ၁)ပုံနှင့် လိုင်စင်ကြေး (၅ ပုံ ၊ ၁ပုံ) (သို့မဟုတ်) (၂ ပုံ၊ ၁ပုံ) (တိုင်းဒေသကြီးပြင်ပ) (သို့မဟုတ်) လိုင်စင်ကြေးအကြေပေးသွင်းငွေများကို ( P.O.P ) များတွင် ပေးသွင်းရမည်။ စားပွဲတင်အာမခံငွေဖြင့်မလုံလောက်၍ လိုငွေဖြစ်ပေါ်ပါက လိုငွေကိုဖြည့်စွက်ပေးသွင်းရမည်။ အရစ်ကျလိုင်စင်ကြေးများအတွက် တိုင်းဒေသကြီးအတွင်းဆွဲဝယ်သူဖြစ်ပါက (၈)ရစ်ဖြင့်လည်းကောင်း၊တိုင်းဒေသကြီး ပြင်ပမှဆွဲဝယ်သူဖြစ်ပါက (၄)ရစ်ဖြင့်လည်းကောင်း အကြေပေးသွင်းရမည်။

၇။ လိုင်စင်ဆွဲဝယ်သူသည် အောက်ပါအချက်များအားလုံးနှင့် ကိုက်ညီမှသာ လေလံဆွဲဝယ်ခွင့်ရှိရမည်-

(က) လိုင်စင်စည်းကမ်း၊ ညွှန်ကြားချက်များနှင့်ညီညွတ်သူ၊ ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။အိမ်ထောင်စုစာရင်း (လဝကပုံစံ ၆၆/၆) မူရင်းကိုပါတင်ပြနိုင်သူ ဖြစ်ရမည်။

(ခ) နိုင်ငံသားစီစစ်ရေးကဒ်ပြားမူရင်းကိုတင်ပြနိုင်သော အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) အခွန်၊အခကြွေးကျန်မရှိသူဖြစ်ရမည့်အပြင် အမှုအခင်းနှင့်ပြဿနာကင်းရှင်းသူဖြစ်ရမည်။

၈။ အထူးကိုယ်စားလှယ်လွှဲစာ(Special Power)ဖြင့်လွှဲအပ်တင်ပြခြင်းအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ လုပ်ငန်းအာမခံအဖြစ် တင်သွင်းထားသောအထောက်အထားမူရင်းများသည် ဆွဲဝယ်မည့် လိုင်စင်တန်ဖိုးထက် လျော့နည်းခြင်းမရှိစေရ။လိုအပ်ပါကလုံလောက်သောအာမခံတစ်ခုခုကို ထပ်မံတင်ပြရမည်။

၁၀။ အကြောင်းအမျိုးမျိုးကြောင့် လေလံတန်ဖိုးများအဆမတန်တိုးမြှင့်ပေးလာလျှင် ရောက်ရှိဆဲ အမြင့်ဆုံးလေလံကြေးငွေကို ငွေသားဖြင့်တင်ပြရမည်။မတင်ပြနိုင်ပါက တမင်သက်သက်လေလံပွဲပျက်ပြားအောင် ဆောင်ရွက်သည်ဟုယူဆ၍ တင်သွင်းထားသည့်စားပွဲတင်အာမခံငွေကို သိမ်းယူခြင်းခံရမည်။

၁၁။ အောက်ပါပုဂ္ဂိုလ်များအား လိုင်စင်ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ-

(က) နာမည်ပျက်စာရင်း တင်သွင်းကြေငြာ၍ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် လိုင်စင်ဆွဲဝယ်ခွင့် ပိတ်ပင်ခံထားရသူများ၊ ၎င်းနှင့်အတူနေအိမ်ထောင်စုစာရင်းဝင် ပုဂ္ဂိုလ်များ၊သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း လိုင်စင်ပိတ်သိမ်းခံရသူများ၊

(ခ) လိုင်စင်ရောင်းချချိန်တွင် လိုင်စင်အရစ်ကျငွေနှင့် ရက်လွန်ဒဏ်ကြေးငွေ ပေးဆောင်ရန်နှင့် အခြားအခွန်အခ‌အကောက် ကြွေးကျန်ရှိသူများ၊

(ဂ) စည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့် စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသူများ၊

၁၂။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်များ ပူးတွဲတင်ပြရမည်-

(က) လိုင်စင်လျှောက်ထားသူ၏ ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစီစစ်ရေးကဒ်ပြားမူရင်းနှင့် မိတ္တူ။

(ခ) စည်ပင်သာယာရေးဆိုင်ရာ အခွန်ကြွေးကျန် ကင်းရှင်းကြောင်း ထောက်ခံချက်နှင့် အခြားမြို့နယ်မှ ဖြစ်ပါက အမည်ပျက်စာရင်းတင်သွင်းကြေညာခံရသူမဟုတ်ကြောင်း သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ထောက်ခံချက်၊

(ဂ) စားပွဲတင်အာမခံတင်သွင်းထားသည့် အထောက်အထား ငွေထုတ်ယူခွင့်အမိန့် ( P.O.P ) ( Payment Order Private )၊

(ဃ) သက်ဆိုင်ရာလိုင်စင်တစ်ခုချင်းစီအတွက် ကြမ်းခင်းဈေးတန်ဘိုးထက်လျော့နည်းခြင်းမရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း (အဆောက်အဦး၊အိမ်၊မြေ)နှင့် စပ်လျဉ်း၍ဥပဒေနှင့်အညီ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ (အိမ်၊မြေ၊ဂရံ စသည့်မူရင်းအထောက်အထားများ) (သို့) ဆွဲဝယ်ရရှိသော လိုင်စင်တန်ဘိုးနှင့်ညီမျှသောငွေသား သို့မဟုတ် ငွေစုစာအုပ်၊

(င) အာမခံတင်သွင်းသည့် (အဆောက်အဦး၊အိမ်၊မြေ)၏ ရှေ့၊နောက်၊ ဝဲ/ယာ ဓါတ်ပုံ(၄)ပုံ၊

(စ) မြေပိုင်ဆိုင်ကြောင်းအဆောက်အဦး၊ မြေတည်ရှိရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဆ) သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ “ တန်ဘိုးဖြတ်စီစစ်ရေးအဖွဲ့” ၏ စီစစ်တင်ပြချက်အပေါ် အမှုဆောင်အရာရှိထောက်ခံချက်ပါ မြေ၊ အိမ်၊ အဆောက်အဦး၏ ကာလတန်ဘိုးစိစစ်ချက်၊

၁၃။ လေလံဆွဲဝယ်စဉ်အတွင်း လေလံဈေးနှုန်းမြင့်တက်လာ၍ လိုအပ်သည့်စားပွဲတင်အာမခံငွေကို ထပ်မံပေးသွင်းရန် လေလံတင်ရောင်းချရေးအဖွဲ့က ထပ်မံညွှန်ကြားလာပါက လိုအပ်သောငွေကို ငွေသားဖြင့် ထပ်မံတင်သွင်းရမည်။တင်သွင်းနိုင်ခြင်းမရှိပါက လေလံဆွဲဝယ်ခွင့်ပယ်ဖျက်ခြင်း ခံရမည့်အပြင် တင်သွင်းထားသည့် စားပွဲတင်အာမခံငွေအား သိမ်းယူခြင်းခံရမည်။

၁၄။ အခွင့်အရေးလိုင်စင်များတစ်ခုချင်းရောင်းချခြင်းကို လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာ အမည်စာရင်းတင်သွင်းသူကိုယ်တိုင်ဆွဲဝယ်ရမည်။မည်သည့်အကြောင်းပြချက်နှင့်မျှ ကိုယ်စားလှယ်ဖြင့် ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။ အမှန်တကယ်ဆွဲဝယ်လုပ်ကိုင်မည့်သူများအား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ဝင်ရောက်ဆွဲဝယ်ခြင်းကိုမူ ခွင့်ပြုမည်မဟုတ်သည့်အပြင် တွေ့ရှိက အလုပ်ဝတ္တရားနှောင့်ယှက်မှုဖြင့် အရေးယူခြင်းခံရမည်။

၁၅။ အခွင့်အရေးလုပ်ငန်းလိုင်စင်များအား လိုင်စင်တစ်ခုချင်းအလိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ လိုင်စင်အမျိုးအစားအလိုက် သက်တမ်းတိုးစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရမှတစ်ပါး မည်သည့်ပုဂ္ဂိုလ်အသင်းအဖွဲ့ကိုမျှ တိုက်ရိုက်ရောင်းချခြင်းမပြုပါ။

၁၆။ လိုင်စင်ဆွဲဝယ်သူသည် လျှောက်လွှာတင်သွင်းပြီးနောက် လိုင်စင်ရောင်းချသည့်ခန်းမအတွင်း ရောက်လာခြင်းမရှိလျှင် သို့မဟုတ် လေလံရောင်းချနေစဉ် ဆွဲဝယ်မည့်အခွင့်အရေးလိုင်စင်အတွက် (၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်ဆွဲဝယ်ခြင်းမရှိလျှင် တင်သွင်းထားသော စားပွဲတင်အာမခံငွေကို အဖွဲ့ပိုင်အဖြစ်သိမ်းယူ၍ အမည်ပျက် စာရင်းတင်သွင်းသွားမည်။

၁၇။ လေလံယှဉ်ပြိုင်ဆွဲဝယ်နေစဉ်အတွင်း ပန်းကြေးရယူကြောင်းထင်မြင်ယူဆပါက လေလံကိုဆက်လက် ရောင်းချခြင်းမပြုဘဲ နောက်တစ်ကြိမ်ပြန်လည်လေလံရောင်းချမည်။ယင်းသို့ဆောင်ရွက်ချက်ကို လိုင်စင်အမှတ်တွဲတွင် မှတ်တမ်းတင်ထားရှိမည်။

၁၈။ လေလံယှဉ်ပြိုင်ရာတွင် ပန်းကြေးရယူတောင်းခံကြောင်း တိကျစွာဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူ နှင့် ပန်းကြေးရယူသူနှစ်ဦးစလုံးအား လိုင်စင်ဆွဲဝယ်ခွင့်ကို ရုတ်သိမ်းပြီး ၎င်းတို့အသီးသီးတင်သွင်းထားသော စားပွဲတင် အာမခံငွေများကို အဖွဲ့ပိုင်အဖြစ်သိမ်းယူမည်။ထို့အပြင် ၎င်းတို့အားနာမည်ပျက်စာရင်းတင်သွင်းကြေညာမည်။လိုင်စင် ချထားပြီးဖြစ်ပါက လိုင်စင်ကိုပြန်လည်ရုတ်သိမ်း၍အသစ်တစ်ဖန်ပြန်လည်ရောင်းချမည်။

၁၉။ လေလံဆွဲဝယ်ယှဉ်ပြိုင်သူတစ်ဦးတစ်ယောက်သည် လေလံဆွဲဝယ်ရရှိသည့်အတိုင်း ၎င်းအနေဖြင့် လေလံဆွဲဝယ်ရာတွင် သတ်မှတ်ထားသောလိုင်စင်စည်းကမ်းများနှင့်မကိုက်ညီဘဲ မမှန်မကန် လိမ်ညာ၍ဆွဲဝယ်ရရှိခြင်း ဖြစ်ကြောင်း ခိုင်လုံစွာစစ်ဆေးတွေ့ရှိရပါက လိုင်စင်ချထားခြင်းကို ပြန်လည်ရုတ်သိမ်း၍ စည်းကမ်းများနှင့်အညီ ပြန်လည်ရောင်းချမည်။ထို့အပြင် တင်သွင်းထားသောအာမခံငွေများကို အဖွဲ့ပိုင်အဖြစ်သိမ်းယူ၍ အမည်ပျက်စာရင်း တင်သွင်းသတ်မှတ်ပါမည်။

၂၀။ လိုင်စင်စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပေါက်ခေါင်းမြို့ ဖုန်းအမှတ် ၀၅၃-၄၅၂၀၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း နိုင်ပါသည်။

အမှုဆောင်အရာရှိ
(မင်းအောင်၊ဦးစီးအရာရှိ)

စာအမှတ်၊ ၀၁၆ /ယ-၂/ ပခ-၂(၀၀၁)
ရက်စွဲ၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီ လ ၃ ရက်
ဖြန့်ဝေခြင်း
ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များအားလုံး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြော်ငြာသင်ပုန်း
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြော်ငြာသင်ပုန်း
အုပ်ချုပ်ရေးမှူး၊ ရပ်ကွက် (၁/၂/၃/၄/၅)၊ ပေါက်ခေါင်းမြို့
လေလံဆွဲဝယ်သူများနှင့်လိုင်စင်ဆွဲဝယ်လေ့ရှိသူများ (အားလုံး)
အဖွဲ့ပိုင်ဈေး ကြော်ငြာသင်ပုန်း
မိတ္တူကို
ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ပဲခူးမြို့
ဥက္ကဋ္ဌ၊ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ပြည်မြို့
ဥက္ကဋ္ဌ၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ပေါက်ခေါင်းမြို့
ဥက္ကဋ္ဌ၊မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ပေါက်ခေါင်းမြို့
လက်ခံစာတွဲ/မျှောစာတွဲ

ပေါက်ခေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့
၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်အတွက် ရောင်းချမည့် အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | | အခွင့်အရေးလိုင်စင်အမည် | ကြမ်းခင်းဈေး (ကျပ်) | တင်သွင်းရမည့် စားပွဲတင်အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| | | သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့်အပေါင်ဆိုင်လိုင်စင်များ | | | |
| ၁ | ၁ | ရွှေအပေါင်ဆိုင်(၁) | ၅၀၁၀၀၀ | ၂၅၀၅၀၀ | |
| ၂ | ၂ | ရွှေအပေါင်ဆိုင်(၂) | ၅၀၁၀၀၀ | ၂၅၀၅၀၀ | |
| ၃ | ၃ | ရွှေအပေါင်ဆိုင်(၃) | ၃၄၇၀၀၀ | ၁၇၃၅၀၀ | |
| ၄ | ၄ | ရွှေအပေါင်ဆိုင်(၄) | ၃၄၇၀၀၀ | ၁၇၃၅၀၀ | |
| ၅ | ၅ | ရွှေအပေါင်ဆိုင်(၅) | ၃၄၇၀၀၀ | ၁၇၃၅၀၀ | |
| ၆ | ၆ | ရွှေအပေါင်ဆိုင်(၆) | ၃၄၇၀၀၀ | ၁၇၃၅၀၀ | |
| ၇ | ၇ | ရွှေအပေါင်ဆိုင်(၈) | ၂၇၀၀၀၀ | ၁၃၅၀၀၀ | |
| ၈ | ၈ | မြို့မအပေါင်ဆိုင် | ၃၇၄၀၀၀ | ၁၈၇၀၀၀ | |
| | | သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့်လိုင်စင် | | | |
| ၉ | ၁ | မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် | ၆၀၁၀၀၀၀ | ၃၀၀၅၀၀၀ | |
| | | ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည့်လိုင်စင်များ | | | |
| ၁၀ | ၁ | မြို့မဈေးကောက်လိုင်စင် | ၇၉၂၀၀၀၀ | ၃၉၆၀၀၀၀ | |
| ၁၁ | ၂ | အမှတ်(၁)ဈေးကောက်လိုင်စင် | ၂၃၁၀၀၀၀ | ၁၁၅၅၀၀၀ | |
| ၁၂ | ၃ | မြို့မဈေးစက်ဘီးကောက်လိုင်စင် | ၈၉၁၀၀၀ | ၄၄၅၅၀၀ | |
| ၁၃ | ၄ | မြို့မဈေးအိမ်သာကောက်လိုင်စင် | ၁၄၅၂၀၀၀ | ၇၂၆၀၀၀ | |
| ၁၄ | ၅ | နွားပွဲဈေးလိုင်စင် | ၃၃၀၀၀၀၀၀ | ၁၆၅၀၀၀၀၀ | |
| | | | | | |
| | | စုစုပေါင်း | ၅၄၆၁၇၀၀၀ | ၂၇၃၀၈၅၀၀ | |

အမှုဆောင်အရာရှိ
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ပေါက်ခေါင်းမြို့

24-25 Lay Lan-2